# သချား

မေသော်တာနှင့်စုန်းသင်္ချိုင်းရှာ

# မေသော်တာနှင့် စုန်းသင်္ချိုင်းရွာ

မေသော်တာတို့ အင်ဂျင်နီယာများကို တာဝန်ကျရာ ကျေးရွာများ သို့ အဖွဲ့ခေါင်းဆောင်မှ ဦးဆောင်ပြီး အမည်များ ခေါ်လျက် နေရာ ချပေး နေသည် ။ သူမတို့ အဖွဲ့ ခေတ္တ တည်းခိုရာ မူလတန်း ကျောင်းလေး၏ အပြင်တွင် မိမိတို့ ကျေးရွာသို့ လာရောက် တာဝန် ထမ်းဆောင်မည့် အင်ဂျင်နီယာ များအား ကြိုဆိုရန် ရွာမှ လွှတ်သော ကိုယ်စားလှယ်များက မော်တော် ဆိုင်ကယ်များ ဂွန်ဒေါင်း(ဒိန်းဒေါင်း) များ ဖြင့် စောင့်နေကြ သည် ။

"မေသော်တာနဲ့ ခိုင်မာနွယ် တစပြင်ရွာ မြေသားလမ်း လုပ်ငန်းမှာ တာဝန်ကျတယ် ခြူးခြူးကိုနဲ့ စန္ဒာဝင်းက ခေါစာကုန်း ရွာက စက်ရေတွင်း တူးဖော်ရေးနှင့် ရေပေးဝေရေး လုပ်ငန်းမှာ တာဝန်ကျတယ်"

"ဟဲ့ရွာနာမည် ကြီးကလည်း ဟယ် တစပြင်တဲ့ "

ခိုင်မာနွယ်က မေသော်တာကို တီးတိုး ပြောသည် ။ ထိုအချိန် ခြူးခြူးကိုနှင့် စန္ဒာဝင်းတို့ အနား ရောက် လာပြီး

"ဟဲ့ တို့ နှစ်ရွာက နီးနီးလေးတဲ့ တို့ တွေ ရွာမတူပေမဲ့ လာလည်လို့ ရတယ်"

"နီးတဲ့ အပြင် ကျန်တဲ့ ရွာတွေနဲ့ အဝေးဆုံး ဟိုးရိုးမ တောစပ်နား ကပ်နေတာလည်း ထည့်ပြောဦးလေ ကျန်တဲ့ ရွာတွေနဲ့ သွားလာဖို့ ခက်ခဲ

တာတွေရော ခေါင်ဖျားပြီး အစွန်ဆုံး ကျတာ တွေရော"

စန္ဒာဝင်းက ပြောသည် ။ သူမသည် ဒီနယ်ခံသူ ဖြစ်သည် ။ ထို့ကြောင့် ဒီနယ်မြေ အကြောင်း အနည်းငယ် သိသည် ။ စန္ဒာဝင်းနှင့် ကတော့ ဒီအလုပ်ရောက်မှ ခင်မင်ခဲ့ခြင်း ဖြစ်သည် ။ လုပ်ငန်းသဘော အရ မိမိတာဝန်ကျရာ ကျေးရွာများ သို့ နှစ်ယောက် တစ်တွဲစီ ချထားသဖြင့် မေသော်တာနှင့် ခိုင်နွယ်က တစ်ရွာ ခြူးကိုနှင့် စန္ဒာဝင်းက တစ်ရွာကွဲ၍ ကျသွားသည် ။ သို့သော်လည်း ရွာချင်း နီးသည် ဟု ဆိုသဖြင့် အနည်းငယ် ပျော်ရွှင် သွားမိပေမဲ့ ကျန်ရွာများ နှင့် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲပြီး ဝေးလံ ခေါင်ဖျားသည် ဆိုသဖြင့်လည်း အနည်းငယ် စိတ်ညစ် သွားရပြန်သည် ။ ခြူးကိုကလည်း ဆက်လက်၍ ...

"ဒီနယ်ခံသူဖြစ်တဲ့ စန္ဒာဝင်းတောင် အဲဒီရွာတွေကို မရောက်ဖူးဘူးတဲ့ "

"ဘာပဲဖြစ်ဖြစ် နေရာသစ်ကို သွားရမှာ မို့ ငါတော့ စိတ်လှုပ်ရှား မိတယ်" မေသော်တာက ပြောလိုက်သည် ။ လေးယောက်သား မိမိတို့ ပစ္စည်းများကို ဆွဲ၍ တာဝန်ကျရာ ရွာများ သို့ သွားရန် လာရောက်ကြိုဆို နေကြသော လူများ ဆီသို့ ထွက်လာ ခဲ့ကြသည် ။

"တစပြင်နဲ့ ခေါစာကုန်းကို တာဝန်ကျတဲ့ ဆရာမတွေ ဒီကိုလာပါဗျို့ " ဟု လူကြီး တစ်ယောက်က ခေါ်သဖြင့် သူမတို့ လေးယောက် သွားရာ ...

"လာ ဆရာမလေးတို့ ဆရာမတို့ တာဝန်ကျတဲ့ ရွာက လာကြိုတဲ့ လှည်းပဲ လှည်းပေါ် တက်ကြ"

သူမတို့ လေးယောက်ကို လာကြိုသည် ဆိုသဖြင့် ကြည့်မိတော့ သူများ တွေဆို ဆိုင်ကယ်တွေ ဂွန်ဒေါင်း(ဒိန်းဒေါင်း) တွေနှင့် လာကြသ

ည် ။ သူမတို့ ကို လာကြိုသည့် က ကျတော့ နွားလှည်းနှင့်။

"ကျွန်တော်တို့ ရွာနှစ်ရွာက လှည်းလမ်းပဲ ပေါက်တယ်ဗျို့ ဆိုင်ကယ်နဲ့ သွားလို့ ရပေမဲ့ ဆိုင်ကယ်တွေ ပျက်စီးလွန်းလို့ မစီးကြတော့ဘူး ဝွန်းဒေါင်းလည်း သွားလို့ မရဘူးဗျ"

သက်လတ်ပိုင်း အရွယ် အင်္ကျီမပါ ကိုယ်ပြောင်နှင့် လူက လှည်းပေါ်မှ သူမတို့ ကို လှမ်း၍ ပြောသည် ။ ထို့နောက် သူမတို့ လေးယောက် လှည်းပေါ် တက်လိုက်ကြပြီး ထိုသူက လှည်းကို စမောင်းတော့သည် ။ ကျန်အဖွဲ့သားများကို လက်ပြ နှုတ်ဆက်၍ တာဝန်ကျရာ နေရာဆီသို့ ရှေးရှု ထွက်ခဲ့သည် ။ သူမတို့ အားလုံးသည် တာဝန်ကျရာ ကျေးရွာများ တွင် နှစ်လခန့် နေ၍ လုပ်ငန်းများ လုပ်ကိုင်ရမည် ဖြစ်ပြီး လုပ်ငန်း ပြီးစီးပါက အဖွဲ့အားလုံး ရုံးစိုက်ရာ မြို့သ ပြန်တက်လာ၍ နောက်ထပ် တာဝန်ချပေးရာ ကျေးရွာများ သို့ ထပ်မံ သွားရောက်ရမည် ဖြစ်သည် ။

"ကျွန်တော်တို့ ရွာတွေက ဝေးတော့ တာဝန်ကျတဲ့ ဆရာမလေးတွေကို အားနာတယ်ဗျာ"

"ဩော် ရပါတယ် ဦးလေးရဲ့ "

ခြူးကိုက သွက်လက်စွာ ဖြေဆိုပြီး ရင်နှီးအောင် စကား စတော့သည် ။

"ဦးလေးက ဘယ်ရွာကလဲ"

"ကျွန်တော်က တစပြင်က"

"ဩော် ဟုတ်လား တစပြင်က ကျွန်မတို့ တာဝန် ကျတာလေ"

မေသော်တာက ဝင်ရောက် ဖြေဆိုကာ မေသော်တာနှင့် ခိုင်နွယ်တို့ နှစ်ယောက် ရယ်ပြလိုက်သည် ။

"ခေါစာကုန်းနဲ့ တစပြင်က နီးတယ်ဆို"

"ဟုတ်တယ် ဆရာမလေး"

"အဲဒီမှာ ကျွန်မတို့ တာဝန်ကျတာ" စန္ဒာဝင်းကလည်း မိမိ တာဝန်ကျရာကို ဝင်ရောက် မိတ်ဆက် စကားဆိုသည်။

"ခေါစာကုန်းကို အရင် ရောက်မှာ ဗျ ပြီးတော့မှ တစပြင်ကို ဆက်သွားရမှာ ကျွန်တော်တို့ တစပြင်ရွာနဲ့ ခေါစာကုန်းရွာက နီးတော့ နှစ်ရွာတစ်ရွာ နေကြတာဗျို့ အစကတော့ ဆရာမလေး တို့ ကို ခေါစာကုန်း ကလည်း လာခေါ်မလို့ ပဲ ဒါပေမဲ့ ကျွန်တော်တို့ တစပြင်ရွာမှာ နာရေးပေါ်လို့ ဗျို့ အဲဒါခေါစာကုန်းက လူတွေပါ လာကူလုပ်နေ ကြတော့ နှစ်ရွာပေါင်းပြီး အားနေတဲ့ ကျွန်တော် တစ်ယောက်တည်းကိုပဲ လွှတ်လိုက်တာ"

"ဘယ်လို နာရေးပေါ်လို့ ဟုတ်လား"

"ဟုတ်တယ် ဆရာမလေးရေ ဆရာမလေးတို့ မလာခင်မှာ ပဲ ကျွန်တော်တို့ ရွာမှာ မီးမဖွားနိုင်လို့ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက် ဆုံးသွားတယ်ဗျို့"

"ရှင်"

သူမတို့ လေးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ ဘယ်နှယ့် ခုမှ နေရာ သစ်ကလေး ရောက်မယ်ကြံသေး နာရေးနှင့် တိုးရတယ်လို့ ။ လမ်းခရီး ကြမ်းချက်နှင့် ဝေးချက်ကတော့ မပြောနှင့်တော့ မနက်၇နာရီ ကျော်ခန့်က ထွက်လာတာ ၁၂နာရီခန့်မှ ခေါစာကုန်းနား ရောက်သည် ။ နွားတွေလည်း တော်တော် သနားဖို့ ကောင်းသည်။ အမြုပ်တစီစီနှင့် လျှာထွက် သူမတို့ လေးယောက်မှာ လ

ည်း လှည်းပေါ်မှာ ဆီးဖြူသီး ဆန်ကောနှင့် လိုမ့်သလို ခလောက်ဆန် ပါလာရာ စကားတောင် မပြောနိုင်ကြတော့။ ခေါ်စာကုန်းရွာထဲ ဝင်လာသောအခါ လူခြေသူခြေ သိပ်မတွေ့ရ လှည်းမောင်းသည့် သူကတော့ တစပြင်ရွာ နာရေး သွားကူကြသည် ဆိုသည် ။

"အင်း အခုအချိန်ဆို အသုဘမြေချတဲ့ အချိန်ဆိုတော့ အားလုံးသွားကြတာ ဖြစ်မယ် ခေါ်စာကုန်းကို တာဝန်ကျတ ဆရာမလေးတွေလည်း တစပြင်ကို အရင် လိုက်လာခဲ့ဖို့ မှာ လိုက်တယ် ရပ်ရွာထဲက လူကြီးသူမတွေ အားလုံးက တစပြင် ရောက်နေ ကြတာလေ နောက်ပြီးတော့မှ ကျွန်တော်တို့ ပြန်လိုက်ပို့ ပေးပါ့မယ်" ဟု ပြောရင်း လှည်းမောင်းသည့် သူကလှည်းကို ဆက်၍ မောင်းသွားသည် ။ ခေါ်စာကုန်းသည် အိမ်ခြေ(၅၀) ခန့်ရှိ ရွာတစ်ရွာ ဖြစ်သည် ။ ခေါ်စာကုန်းရွာမှ ထွက်၍ အတန်ငယ်သွားမိသောအခါ သင်္ချိုင်းကုန်းကြီး တစ်ခုကို တွေ့လိုက်ရသည် ။ လှည်းမောင်းသူက ထိုသင်္ချိုင်းနားတွင် လှည်းကို ခဏရပ်ကာ ...

"ဆရာမလေးတို့ တော်ကြာ လူတွေက ဒီကို ရောက်လာကြမှာ ဒီသင်္ချိုင်းက ကျွန်တော်တို့ ရွာနှစ်ရွာ အလယ်မှာ ရှိတာ ဒီက စောင့်ကြမလား'

"ရှင်"

သူမတို့ လေးယောက် နှုတ်မှ ပြိုင်တူ အာမေဍိတ်သံများ ထွက်သွားသည် ။ သင်္ချိုင်းကုန်းမှာ ကျေးရွာသူ ကျေးရွာသားများကို မိတ်ဆက်တွေ့ဆုံဖို့ စောင့်ရမည်တဲ့ ။ ခိုင်နွယ်နှင့် ခြူးကိုတို့ က ပါးစပ်ပိတ် မနေနိုင်တော့ပဲ ...